Message Two

## ဘုရားသခင်၏နိုင်ငံတော် -
## ဘုရားဆိုင်ရာမျိုးစိတ်များ၏ နယ်ပယ်

ဖတ်ရန်ကျမ်း။ ။ယောၢ၃း၅-၆။ ၁၈း၃၆။ ၁း၁၂-၁၃။ ၂ပေ၊၁း၄

**I. ဘုရားသခင်၏နိုင်ငံတော်သည် ဘုရားဆိုင်ရာအသက်၏ နယ်ပယ်နှင့် ဘုရားဆိုင်ရာ အုပ်စိုးခြင်း၏ နယ်ပယ်ဖြစ်ရုံသာမက၊ ဘုရားဆိုင်ရာ မျိုးစိတ်များ၏ နယ်ပယ်လည်းဖြစ်ကာ၊ ၎င်း၌ အရာအားလုံးမှာ ဘုရားဆိုင်ရာအရာများ ဖြစ်ကြသည် - ယော၊ ၃း၃၊ ၅။ ၁၈း၃၆။**

A. ယောဟန် ၃ တွင် ဘုရားသခင်၏နိုင်ငံတော်ကို ဘုရားသခင်၏စိုးစံခြင်းထက်၊ ဘုရားသခင်၏ မျိုးစိတ်များကို ပို၍ ရည်ညွှန်းခြင်းဖြစ်သည်။

B. ဘုရားသခင်သည် လူသားမျိုးစိတ်များအထဲသို့ ဝင်ရောက်ရန် လူဖြစ်လာခဲ့ပြီး၊ လူသည် ဘုရားဆိုင်ရာမျိုးစိတ်အထဲသို့ ဝင်ရောက်ရန် ဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်လာသည် - ၁း၁၊ ၁၂-၁၄။ ၂ပေ၊ ၁း၄။

**II. ဘုရားဆိုင်ရာနယ်ပယ်၊ ဘုရားဆိုင်ရာမျိုးစိတ်များ၏ နယ်ပယ်အထဲသို့ ဝင်ရောက်ရန်အလို့ငှာ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာသဘောသဘာဝ ရရှိဖို့ ဘုရားသခင်၏မွေးဖွားခြင်းခံရန် လိုအပ်သည် - ယော၊၁း၁၂-၁၃။ ၃း၃၊ ၅-၆။ ၂ပေ၊၁း၄။**

A. ဘုရားသခင်သည် လူကို လူ၏အမျိုးအစားအလိုက် ဖန်ဆင်းခဲ့ခြင်းမဟုတ်ဘဲ၊ ကိုယ်တော်၏ပုံသဏ္ဌာန်တော်၌၊ ကိုယ်တော်၏တစ်ညီတည်းဖြစ်ခြင်းအတိုင်း၊ ဘုရားသခင်၏အမျိုးအစား၊ ဘုရားသခင်၏မျိုးစိတ်များဖြစ်ရန် ဖန်ဆင်းခဲ့ခြင်း ဖြစ်သည် - က၊၁း၂၆။

B. ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့် သဘောသဘာဝ၌ ကိုယ်တော်၏သားများဖြစ်ရန် အသစ်မွေးဖွားခြင်းအားဖြင့် ဘုရားသခင်၏မွေးဖွားခံရသော ယုံကြည်သူများသည် အာဒံ၏ဖြစ်ခြင်းထက် ဘုရားသခင်၏အမျိုးအစား၌ ပို၍ရှိကြသည် - ယော၊၁း၁၂-၁၃။

1. အာဒံ၌ ဘုရားသခင်၏ အပြင်ပိုင်းသွင်ပြင်သာရှိပြီး၊ အတွင်းပိုင်း စစ်မှန်ခြင်း မရှိပါ - အငယ်၊၁၂-၁၄။
2. ခရစ်တော်၌ရှိသော ယုံကြည်သူများနှင့် ဘုရားသခင်၏သားများ ဖြစ်ကြသော ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာ အသက်၏ စစ်မှန်ခြင်းရှိကြပြီး၊ ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံး၌ သခင်ဘုရား၏ပုံသဏ္ဌာန်တော်သို့ ပုံသဏ္ဌာန်ပြောင်းလဲခြင်းနှင့် သဏ္ဌာန်တူညီလာခြင်း၌ ရှိနေကြသည် - ၂ကော၊၃း၁၈။ ရော၊၁၂း၂။ ၈း၂၉။
3. ကျွန်ုပ်တို့၏ ဒုတိယမွေးဖွားခြင်း၊ အသစ်မွေးဖွားခြင်းက ကျွန်ုပ်တို့အား ဘုရားသခင်၏မျိုးစိတ်များ ဖြစ်လာရန် ဘုရားသခင်၏နိုင်ငံတော်အထဲသို့ ဝင်ရောက်ခြင်း ဖြစ်စေသည် - ယော၊၃း၃၊ ၅-၆။
4. ဘုရားသခင်၏သားများအားလုံးသည် ဘုရားဆိုင်ရာမျိုးစိတ်များ၏ ဘုရားဆိုင်ရာနယ်ပယ်၌ ရှိကြသည် - ၁း၁၂-၁၃။ ၃း၃၊ ၅။
5. ယုံကြည်သူများသည် ဘုရားဆိုင်ရာမျိုးစိတ်များ၌၊ ယင်းမှာ ဘုရားသခင်၏နိုင်ငံတော်၌ ဘုရား-လူများဖြစ်ကြ သည် - ၁ယော၊၃း၁က။ ယော၊၁း၁၂-၁၃။ ၃း၃၊ ၅။

**III. ယောဟန်ဧဝံဂေလိစာစောင်၌ ယုံကြည်သူများသည် ဘုရားဆိုင်ရာမျိုးစိတ်များ၏ နယ်ပယ်အဖြစ် ဘုရားသခင်၏နိုင်ငံတော်၌ အသက်ရှင်ခြင်း၏ များစွာသော သွင်ပြင်များကို ကျွန်ုပ်တို့မြင်ရသည်။**

A. “ထိုသူ၏ ပြည့်ဝပြည့်စုံခြင်းမှလည်း ကျေးဇူးတစ်ပါး၌ ထပ်ဆင့်၍ ကျေးဇူးတစ်ပါးကို ငါတို့ရှိသမျှသည် ခံရကြပြီ” - ၁း၁၆။

B. “ငါပေးသောရေကို သောက်သောသူမူကား၊ ရေငတ်ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်အထဲသို့ ထွက်သော စမ်းရေတွင်း ဖြစ်လိမ့်မည်” - ၄း၁၄ခ။

C. "ငါ့ကို စားသောသူသည် ငါ့ကြောင့် အသက်ရှင်လိမ့်မည်" - ၆း၅၇ခ။

D. "ခမည်းတော်သည် ငါ့ကို ချစ်တော်မူသကဲ့သို့ ငါသည် သင်တို့ကို ချစ်၏။ ငါ၏ ချစ်ခြင်းမေတ္တာ၌ တည်နေကြလော့" - ၁၅း၉။

E. "သင်တို့၌ ငါ၀မ်းမြောက်စရာအကြောင်း တည်စေခြင်းငှာလည်းကောင်း၊ သင်တို့၀မ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှာလည်းကောင်း၊ ဤစကားကို သင်တို့အား ငါဟောပြော၏" - အငယ်၊၁၁။

F. "သမ္မာတရားကို ကျင့်သောသူမူကား၊ မိမိအကျင့်တို့သည် ဘုရားသခင်၏ အလိုတော်နှင့် ညီသည်ကို ထင်ရှားစေခြင်းငှာ အလင်းသို့ ချဉ်းကပ်သည်" - ၃း၂၁။

G. "ကိုးကွယ်သောသူ မှန်သမျှတို့သည် ခမည်းတော်ကို ဝိညာဉ်နှင့် ဟုတ်မှန်ခြင်း၌ ကိုးကွယ်ရမည့် အချိန်ကာလသည် လာ၍ ယခုပင် ရောက်လျက် ရှိ၏။ အကြောင်းမူကား၊ ခမည်းတော်သည်လည်း သူ့ကို ထိုသို့ ကိုးကွယ်ရန် ရှာဖွေလျက်ရှိ၏။ ဘုရားသခင်သည် ဝိညာဉ်တော် ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည် ဝိညာဉ်နှင့် ဟုတ်မှန်ခြင်း၌ ကိုးကွယ်ရမည်" - ၄း၂၃-၂၄။

H. "သင်တို့သည် ငါ၌ တည်၍ ငါ့စကားသည် သင်တို့၌ တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကို တောင်း၍ ရကြလိမ့်မည်" - ၁၅း၇။

I. "ငါသည် ခမည်းတော်၌ ရှိသည်ကိုလည်းကောင်း၊ သင်တို့သည် ငါ၌ ရှိသည်ကိုလည်းကောင်း၊ ငါသည် သင်တို့၌ ရှိသည်ကိုလည်းကောင်း၊ ထိုနေ့၌ သင်တို့သည် သိရကြလိမ့်မည်" - ၁၄း၂၀။

J. "ငါသည် သင်တို့ကို ချစ်သည်နည်းတူ၊ သင်တို့သည် အချင်းချင်း ချစ်ကြလော့" - ၁၅း၁၂ခ။

© 2024 Living Stream Ministry